ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၂၊ အမှတ် ၁ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

## ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်း သား/သမီးများအား ပညာရည်ထူးချွန်ဆု ချီးမြှင့်ခြင်းနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ(၈)ရက်နေ့ (၁၀း၀၀) နာရီအချိန်တွင် ကျင်းပပြုလုပ်သော ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ ဝန်ထမ်းသား/သမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ခြင်း နှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ဝန်ထမ်း သား/သမီးများအား ပညာရည်ထူးချွန်ဆုများချီးမြှင့်၍ ပညာသင်ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း အမှုထမ်းများ ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော ဝန်ထမ်း သား/သမီးများ နှင့် မိဘများတက်ရောက်ခဲ့ကြပါသည်။

# အဆင့်စုံမှ ဒုတိယ အကောက်ခွန်မှူးအဆင့် တိုးမြှင့်ခြင်း အခမ်းအနား ကျင်းပခြင်း




ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ ၂၀ ရက်နေ့ (၁၃း၀၀) နာရီ အချိန်တွင် ကျင်းပပြုလုပ်သော အဆင့်စုံမှ ဒုတိယအကောက်ခွန်မှူးအဆင့် တိုးမြှင့်ခြင်းအခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆင့်စုံမှ ဒုတိယအကောက်ခွန်မှူးအဆင့် တိုးမြှင့်ခြင်းခံရသူ (၁၀၇)ဦးအား ဒုတိယအကောက်ခွန်မှူးအဆင့် ပုခုံးဒေါက် တပ်ဆင်ပေးခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများ၊ အမှုထမ်းများနှင့် ဒုတိယအကောက်ခွန်မှူးအဆင့် တိုးမြှင့်ခြင်းခံရသူများ တက်ရောက်ခဲ့ကြပါသည်။

# Training Course of MACCS Users For Customs Officials 2/2016
# သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း



အကောက်ခွန်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် MACCS စနစ်အားအသုံးပြုမည့် အကောက်ခွန်ဝန်ထမ်းများအတွက် " Training Course of MACCS Users for Customs Officials " (2/2016) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ် ၊ စက်တင်ဘာလ (၂၀) ရက်နေ့ နံနက် (၁၀း၃၀) အချိန်တွင်ရန်ကုန်မြို့ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဦးစန်းလွင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါသင်တန်းသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ JICA Long Term Expert များ နှင့် အရာထမ်း (၁၄၁) ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ (၁၀) ရက်ကြာမြင့်ခဲ့ပါသည်။

# အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၃၈) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပခြင်း



အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၃၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၃) ရက်နေ့ (၁၅း၃၀) အချိန်တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ခန်းမ၌ ကျင်းပပြုလုပ်ရာ အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဦးအောင်ဆန်းထွန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပါသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MIFFA)၊ မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MCBA) နှင့် သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ အကောက်ခွန်ဦးစီးဌာနမှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် (၄)ပတ် ကြာမြင့်ခဲ့ပါသည်။

# မဲခေါင်ဒေသအတွင်း နိုင်ငံခြားသား အကြမ်းဖက်တိုက်ခိုက်ရေးသမားများ နယ်စပ်ဖြတ်ကျော်သွားလာခြင်းမှ ကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သို့ တက်ရောက်ခြင်း




ထိုင်းနိုင်ငံ ၊ ဘန်ကောက်မြို့တွင် စက်တင်ဘာလ (၆) ရက်နေ့မှ (၈) ရက်နေ့ထိ မဲခေါင်ဒေသအတွင်း နိုင်ငံခြားသား အကြမ်းဖက်တိုက်ခိုက်ရေးသမားများ နယ်စပ်ဖြတ်ကျော်သွားလာခြင်းမှကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်အောင်လွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဆွေဦးတို့ တက်ရောက်ခဲ့ကြပါသည်။


အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံခြားသား အကြမ်းဖက်တိုက်ခိုက်ရေးသမားများအား မဲခေါင်ဒေသအတွင်း နိုင်ငံများအနေဖြင့် ပူးပေါင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးရန်နှင့် ဒေသတွင်းနိုင်ငံများရှိ နယ်စပ်ဆက်ဆံရေးရုံးများ၏ လုပ်ငန်းစဉ်များပိုမိုထိရောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသုံးသပ် ဆောင်ရွက်ရန်အတွက်ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

အစည်းအဝေးသို့ UNODC နှင့် Canada နိုင်ငံမှ ဒေသဆိုင်ရာ အရာရှိကြီးများ အပါအဝင် ဦးဆောင်ဆွေးနွေးရန် ဖိတ်ကြားထားသည့် ကျွမ်းကျင်အရာရှိ (၁၆)ဦး ၊ ကမ္ဘောဒီးယားနိုင်ငံမှ (၁၀)ဦး ၊ လာအိုနိုင်ငံမှ (၁၀)ဦး ၊ မြန်မာနိုင်ငံမှ (၁၀)ဦး ၊ ထိုင်းနိုင်ငံမှ (၁၁)ဦး ၊ ဗီယက်နမ်နိုင်ငံမှ (၁၀)ဦး စုစုပေါင်း (၆၇) ဦး တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၂၆၈၂.၂၅၄ ) သိန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလ (၁) ရက်နေ့မှ (၃၀) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၅၄) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် ( ၂၆၈၂.၂၅၄ )သိန်းခန့် ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တားဆီးမှု (၂) မှု ရှိ၍ ခန့်မှန်းတန်ဖိုးမှာ ကျပ် (၃.၃၇) သိန်းခန့် ရှိသည့်အနက် (၇-၉-၂၀၁၆) ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သို့ ANA လေကြောင်းလိုင်းဖြင့် ခရီးစဉ်အမှတ် NH-813 ဖြင့် Narita မှ ရန်ကုန်သို့ ဝင်ရောက်လာသည့် ဂျပန်နိုင်ငံသား ခရီးသည် Mr.YAMAMOTO SHINYA (PP No. TK 9412111) ထံမှ Radio Transmitter Power Amplifier (3) Units ၊ ခန့်မှန်းတန်ဖိုးကျပ် (၃) သိန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၂၆၈၂.၂၅၄ ) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း



ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၁၈) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် ( ၂၅၂၂.၈၀ ) သန်းခန့် ရှိသည့်အနက် (၂၁-၉-၂၀၁၆) ရက်နေ့တွင် MIP ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ East Growth Garments Co., Ltd မှ တင်သွင်းလာသော 100% Nylon Fabric (Dyed,Knit,Print,Solid) (49804)M အားဖွင့်ဖောက်စစ်ဆေးရာ ID/IL တွင်ကြေညာထားသည်ထက် ပိုမိုတင်သွင်းလာသော Nylon Fabric (27000)M ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၃၅.၁၀) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၂၆၈၂.၂၅၄ ) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးခြင်း







နယ်မြေဒေသများတွင် တားဆီး/ဖမ်းဆီးမှု (၃၄) မှု ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာ ကျပ် ( ၁၅၆.၀၈၄ ) သန်းခန့် ရှိသည့်အနက် (၁၉-၉-၂၀၁၆) ရက်နေ့တွင် ပြင်ဦးလွင် မှ မန္တလေး သို့ သွားရောက်မည့် ယာဉ်အမှတ် (2G/8248) ယာဉ်အား အဆင်းယာဉ် စစ်ဆေးရေးတာဝန်ကျ ဒု-အကောက်ခွန်မှူး ဦးညီညီထွန်း ဦးစီး အဖွဲ့ဖြင့်စစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် ကော်ကျွတ်ပောင်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော အကောက်ခွန်မဲ့ တရုတ်နိုင်ငံလုပ် ZEC (EVD) (၁၈၀) လုံး ၊ ခန့်မှန်းတန်ဖိုးကျပ် (၃.၆) သန်းခန့် စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် ( ၂၆၈၂.၂၅၄ ) သန်းခန့်ရှိ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**






ထူးခြားဖမ်းဆီးမှုအနေဖြင့် မန္တလေး (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် (၂၇-၉-၂၀၁၆) ရက်နေ့ (၁၄း၀၀) နာရီ အချိန်ခန့်တွင် မန္တလေး မှ မူဆယ်သို့ သွားရောက်မည့် Toyota Mark II အမျိုးအစား၊ ယာဉ်အမှတ် (4D/1256) အား အတက်ယာဉ်စစ်ဆေးရေးတာဝန်ကျ ဒု-အကောက်ခွန်မှူး ဦးညီညီထွန်း ဦးစီးအဖွဲ့မှစစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော မော်တော်ယာဉ်အတွင်းခန်းနေရာတွင် သိုဝှက်သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးဆိုဒ်စုံ (၁၅၅) တုံး (525)Kg ခန့် ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၃.၁၂၅) သန်းခန့်အား ဖမ်းဆီးရမိခဲ့ပါသည်။

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ စက်တင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၁.၅ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၅ သန်း |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၁ မှု | ၁ မှု | ၀.၇၈၄ သန်း |
| | **စုစုပေါင်း** | - | **၃ မှု** | **၃ မှု** | **၇.၂၈၄ သန်း** |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၃)မှု ၊ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း(၇.၂၈၄) သန်းခန့်ရှိ၍ (၁-၄-၂၀၁၆) ရက်နေ့ မှ (၃၀-၉-၂၀၁၆) ရက်နေ့ အထိ မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု စုစုပေါင်း (၃၅) မှု၊ ခန့်မှန်းတန်ဖိုးကျပ် (၄၅.၅၈၄) သန်းခန့်အား အရေးယူ ဆောင်ရွက်နိုင်ခဲ့ပါသည်။

# အများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော လူသုံးကုန် နှင့် စားသောက်ကုန် ပစ္စည်းများအား ဖျက်ဆီးခြင်း



မန္တလေးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ သိမ်းဆည်းမိန့်ထုတ်ပြန်ပြီးသည့် အများပြည်သူ စားသုံးရန် နှင့် သုံးစွဲရန် မသင့်သော တရုတ်နိုင်ငံလုပ် ကြက်အူချောင်း (1x4.5 kg) (၂၃၀) ဖာ ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁.၁၅) သန်းခန့်အား (၇-၉-၂၀၁၆) ရက်နေ့ (၁၅:၀၀) အချိန်တွင် မန္တလေးတိုင်း ဒေသကြီးဦးစီးမှူး ၊ ညွှန်ကြားရေးမှူးဦးသိန်းဆွေ ဥက္ကဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် မန္တလေး မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော လူသုံးကုန် နှင့် စားသောက်ကုန် ပစ္စည်းများအား ဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ မှ အများပြည်သူ စားသုံးရန်၊ သုံးစွဲရန် မသင့်သော ဆေးဝါးနှင့် စားသောက်ကုန် ပစ္စည်းများ ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၄၃၇.၅၀၁) သန်းခန့်အား (၁၅-၉-၂၀၁၆) ရက်နေ့ နံနက် (၁၀း၀၀) အချိန်တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးရဲထွဋ်အောင် ဥက္ကဌအဖြစ်ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်တွင် ဆွေးနွေး ဖြေကြားချက်များ




Vinegar များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2209.00.00 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Table Salt များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 2501.00.10 ဖြစ်ပြီး အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုကြောင်း နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



Express Bus (47 Seaters) တင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 8702.10.79 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Empty Capsule များ တင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 3926.90.92 ဖြစ်ပြီး အကောက်ခွန် 5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်တွင် ဆွေးနွေး ဖြေကြားချက်များ




Printed Cards များတင်သွင်းလိုပါသဖြင့် လိုင်စင်လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 4909.00.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Computer များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ Laptop Computer ၏ HS Code မှာ 8471.30.20, Personal Computer (PC) ၏ HS Code မှာ 8471.30.10 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Ovaltine ၏ HS Code နှင့် Duty Rate အားမေးမြန်းခဲ့ရာ HS Code မှာ 1901.90.32 ဖြစ်ပြီး အကောက်ခွန် 15% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။




Coca Cola ၏ HS Code နှင့် Duty Rate အားမေးမြန်းခဲ့ရာ HS Code မှာ 2202.10.10 ဖြစ်ပြီး အကောက်ခွန် 10% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ်တွင် ဆွေးနွေး ဖြေကြားချက်များ




Weighing Machinery များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ အိမ်သုံး Electrically Operated ၏ HS Code မှာ 8423.10.10, Conveyor Electrically Operated ၏ HS Code မှာ 8423.20.10 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။




Bluetooth earphone များတင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်းနှင့် HS Code မှာ 8518.30.20 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Ginger Seeds များတင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်းနှင့် HS Code မှာ 1209.91.90 ဖြစ်ပြီး အကောက်ခွန် 1% ၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်ပြုကြောင်း နှင့် ကြိုတင်ဝင်ငွေခွန်2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Iron Nail များတင်သွင်းလိုပါသဖြင့် HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 7317.00.10 ဖြစ်ပြီး အကောက်ခွန် 1.5% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။